# မိမိဆန္ဒအလျောက်နေရပ်ရင်းသို့ပြန်လည်အခြေချနေထိုင်ခြင်း၏ခွဲခြားထားသောဝေါဟာရအသုံးအနှုန်းများ

## ၁) နိဒါန်း

လူတိုင်းသည်မိမိနေရပ်ရင်းနိုင်ငံသို့ပြန်ရန်အတွက်အခွင့်အရေးရှိသည်။ ထိုအခွင့်အရေးသည်ဒုက္ခသည်များဆိုင်ရာဥပဒေနှင့်အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးတွင်ပါဝင်သည်။ ပြန်လည်အခြေချရေး၏အခွင့်အရေးသည်ရင်ထဲကအလိုအလျောက်ဖြစ်ပေါ်လာသောမိမိဆန္ဒအရဖြစ်မှသာနေရပ်ရင်းသို့ပြန်လည်အခြေချနေထိုင်ခြင်းသည်ရေရှည်ဖြေရှင်းခြင်းဖြစ်သည်။[1]

မိမိဆန္ဒအလျောက်နေရပ်ရင်းသို့ပြန်လည်နေရာချထားခြင်းသည် —

၁) ဒုက္ခသည်များ၏မိမိမူလနေရပ်ရင်းနိုင်ငံသို့ပြန်သွားခြင်း။

၂) လွတ်လပ်စွာဖြင့်ရရှိခဲ့သောသတင်းအချက်အလက်အရအခြေခံ၍ဆုံးဖြတ်ချက်ချခြင်း။

၃) ဘေးကင်းလုံခြုံမှုနှင့်ဂုဏ်သိက္ခာရှိမှုထဲတွင်ဖြစ်ခြင်း၊

မိမိဆန္ဒအလျောက်နေရပ်ရင်းသို့ပြန်လည်အခြေချခြင်း၏နောက်ဆုံးရည်ရွယ်ချက်သည်ပြန်လည်အခြေချစေသောဒုက္ခသည်များအားမိမိနိုင်ငံမှပြန်လည်ပြုပြင်မွမ်းမံခြင်းကာကွယ်မှုအပြည့်အဝပေးခြင်းဖြစ်သည်။

ထိုအချက်များသည်ဒုက္ခသည်များမိမိဆန္ဒအလျောက်နေရပ်ရင်းသို့ပြန်လည်အခြေချခြင်းအမျိုးအစားနှင့်ပြန်လည်အခြေချနေထိုင်ခြင်းစရိုက်လက္ခဏာများစသောအခြေခံအချက်အလက်များပါဝင်ပါသည်။ ယင်းတွင်လူသားချင်းစာနာထောက်ထားသောသဏ္ဍာန်ကြားအဓိကအယူအဆ၏အများဆုံးနားလည်မှုသဘောထားများနှင့်ရှေ့ဆက်မည်ဖြစ်ပြီးအနာဂတ်တွင်ထိုင်းနိုင်ငံမှဒုက္ခသည်များပြန်လည်အခြေချခြင်းနှင့်ပြန်လည်ပေါင်းစည်းနေထိုင်ခြင်းများကိုထောက်ပံ့ပေးမှုများပါဝင်သည်။

## ၂) မိမိဆန္ဒအလျောက်နေရပ်သို့ပြန်လည်အခြေချခြင်း၏စရိုက်လက္ခဏာများမှာ

- **လွတ်လပ်စွာရွေးချယ်ခြင်း** – မိမိဆန္ဒအလျောက်နေရပ်ရင်းသို့ပြန်လည်အခြေချခြင်း၏စရိုက်လက္ခဏာများသည်ဒုက္ခသည်တဦးတယောက်မှပြန်လည်အခြေချမည်အခြေမချမည်နှင့်မည့်သည့်အချိန်တွင်ပြန်လည်အခြေချမည်ကိုမိမိကိုယ်တိုင်လွတ်လပ်စွာရွေးချယ်နိုင်မှုပြုလုပ်ရန်လိုအပ်သည်။ မိမိဆန္ဒအလျောက်နေရပ်သို့ပြန်လည်အခြေချခြင်းသည်ဒုက္ခသည်များကိုယ်တိုင်လွတ်လပ်စွာဆန္ဒထုတ်ဖော်ခြင်းနှင့်ကိုယ်ပိုင်ဆုံးဖြတ်ချက်များပေါ်တွင်အခြေခံထားခြင်း ဖြစ်သည်။

    - ဒုက္ခသည်များမိမိနေရပ်ရင်းသို့ပြန်ရာတွင်ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊လူမှုရေးပိုင်းဆိုင်ရာပိုင်ဆိုင်(သို့)ပစ္စည်းဥစ္စများဆိုင်ရာဝန်ဆောင်မှုစီစဉ်ဆောင်ရွက်ပေးရန်တွင်ဖိအားပေးခြင်း(သို့)ဆန့်ကျင်စေသောလှုပ်ရှားမှုများမဖြစ်ရန်သတိပြုမှုရန်လိုအပ်ရမည်။

---

[1] ***The General Assembly Resolution which adopted UNHCR's Statute calls upon governments to co-operate with the High Commissioner in the performance of his or her functions by, inter alia, "assisting the High Commissioner in his efforts to promote the voluntary repatriation of refugees".***

- တချို့အခန်းကဏ္ဍများတွင်မိသားစု(သို့) ခူမှုအသိုင်းအဝိုင်းတို့၏ပြု မူဆောင်ရွက်သောအစီအစဉ်သည်လူပုဂ္ဂိုလ်တဦးအတွက်ဆုံးဖြတ်ပိုင်ခွင့်ထက်ပိုမိုကျော်ပြန့်သည်။ နေရပ်ရင်းသို့ပြန်ရန် ဆုံးဖြတ်ချက်ချရာတွင်အများဆန္ဒအတိုင်းလိုက်လုပ်စရာမလိုအပ်ပါ။

- ဤအနေအထားတွင်မိသားစုအတွင်(သို့)လူမှုအသိုင်းအဝိုင်းအတွင်းတဦးတယောက်မိမိနေရပ်ရင်းသို့ပြန်ရန်ဆန္ဒမရှိလျှင်ကိုယ်ပိုင်ရွေးချယ်နိုင်သည်။ ၎င်းမှရွေးချယ်သည့်မိမိဆန္ဒသည်ဖိအားပေးခြင်းနှင့်ခြိမ်းခြောက်သည့်အပြုအမူမျိုးမဖြစ်စေရန် UNHCR နှင့်တွဲဖက်အဖွဲ့အစည်းများအားသေချာအောင်ပြုလုပ်ပေးရမည်။

➢ **သတင်းအချက်အလက်များရရှိခြင်းဖြင့်ရွေးချယ်ချယ်ခြင်း –** မိမိဆန္ဒအလျောက်နေရပ်သို့ပြန်လည်အခြေချနေထိုင်ခြင်းလက္ခဏာများတွင်ဒုက္ခသည်များသည်သတင်းအချက်အလက်များကိုရွေးချယ်ရန်လိုအပ်သည်။ ဥပမာလက်ရှိနိုင်ငံ၏အခြေအနေနှင့်ကိုက်ညီပြီးမှီငြမ်းနိုင်လောက်သောသတင်းအချက်အလက်များအပေါ်တွင်မူတည်ပြီးရွေးချယ်မှုပြုလုပ်သည်။

  - မိမိနိုင်ငံကိုပြန်လည်အခြေချလိုသည့်အနေအထားတွင်ယခုလက်ရှိနိုင်ငံအခြေအနေနှင့်သက်ဆိုင်သောသတင်းအချက်အလက်များမှီငြမ်းနိုင်လောက်သောသတင်းအချက်အလက်များအပေါ်တွင်မူတည်ပြီးရွေးချယ်မှုပြုလုပ်သည့်အပြင်ထွက်ပြေးတိမ်းရှောင်ရသည့်အကြောင်းအရင်းနှင့်ထွက်ပြေးတိမ်းရှောင်သည့်အချိန်မှစ၍ဖြစ်ပေါ်လာသောဖွံ့ဖြိုးတိုးတက်မှုနှင့် ဝန်ဆောင်မှုရယူနိုင်သောအနေအထားများရှိနေသော်လည်းပြန်ရန်၊ မပြန်ရန်ရွေးချယ်ခွင့်ရှိသည်။

➢ လိုအပ်သောသတင်းအချက်အလက်များသည်ပြန်လည်အခြေချရန်ရည်ရွယ်ထားသောနိုင်ငံအတွင်းလက်ရှိအခြေအနေများ၊ ပြန်ရန်ရည်ရွယ်ထားသောနေရာများ၏နိုင်ငံအတွင်းရှိဖွံ့ဖြိုးတိုးတက်မှုများအပါအဝင်ထွက်ပြေးတိမ်းရှောင်လာရမှုများမှစ၍ထွက်ပြေးတိမ်းရှောင်ရ သည့်အကြောင်းအရင်းများကူညီမှုအတွက်ပြန်ရန်ရည်ရွယ်ထားသောနိုင်ငံအတွင်းရှိဒေသများမှရရှိနိုင်သောဝန်ဆောင်မှုများနှင့်ပြန်ရန်နှင့်မပြန်ရန်ရွေးချယ်ဖို့အခွင့်အရေးရှိသည်။ ပြန်လည်အခြေချခြင်းလုပ်ငန်းစဉ်များ၏ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍများသည်သတင်းအချက်အလက်ရရှိပြီးရွေးချယ်ခြင်း၏လိုအပ်သောသတင်းရပ်ဝန်းများဖြစ်ကြသည်။

➢ မိမိဆန္ဒအလျောက်နေရပ်သို့ပြန်လည်အခြေချခြင်းသည်ရုပ်ပိုင်းဆိုင်ရာ၊ ဥပဒေပိုင်းဆိုင်ရာနှင့်ဥစ္စာပစ္စည်းများ**ဘေးကင်းလုံခြုံမှု** တွင်အကြုံးဝင်သည်။

- **ရုပ်ပိုင်းဆိုင်ရာဘေးကင်းလုံခြုံမှု –** ၎င်းတွင်ဘဝ၏အသက်ရှင်နေထိုင်ရန်အခွင့်အရေးလွတ်လပ်မှုနှင့်လုံခြုံရေးဆိုင်ရာအခွင့်အရေး
အပါအဝင်ညှင်းပန်းနှိပ်စက်ခြင်းနှင့်လူသားမဆန်မှုများဖြင့်နှိပ်ကွပ်ခြင်းမှဂုဏ်သိက္ခာကျဆင်းစေသည့်ဆက်ဆံမှုများမဖြစ်စေရန်ကာကွယ်စောင့်ရှောက်မှုလပြုပေးရမည်။
နိုင်ငံတော်အာဏာပိုင်၏အဓိကဝတ္တရားဖြစ်၍ဒုက္ခသည်များနေရပ်ရင်းသို့ပြန်ရောက်သည့်အချိန်ထိလမ်းခရီးတလျှောက်အတွင်းအပါအဝင်ဒုက္ခသည်များ၏ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုအတွက်အကြမ်းဖက်မှုနှင့်ခြိမ်းခြောက်မှုများမဖြစ်ရန်အာမခံမှုပေးရမည်။

- **တရားဥပဒေဘောင်တွင်းဆိုင်ရာဘေးကင်းလုံခြုံမှု –** ၄င်းတွင်ခွဲခြားဆက်ဆံခြင်းမှကင်းလွတ်ခြင်း၊နိုင်ငံသားဖြစ်ခြင်းအခွင့်အရေးကိုပြည်သူပြည်သားများနှင့်အတူတကွပျော်ရွှင်စွာခံစားနိုင်ခွင့်ဖြစ်ခြင်း၊သတ်မှတ်ထားသောလူမှုရေးရာများအသိအမှတ်ပြုမှုဖြစ်ခြင်းနိုင်ငံတွင်းကာကွယ်စောင့်ရှောက်မှုဆိုင်ရာနည်းစနစ်လမ်းစဉ်များရယူနိုင်မှုဖြစ်ခြင်းတို့အပါအဝင်ဖြစ်သည်။မိမိဆန္ဒအလျောက်နေရပ်ရင်းသို့ပြန်လည်အခြေချနေထိုင်ခြင်းဖြစ်ပေါ်ခါပြီးနောက်တချို့သောတရားဥပဒေဘောင်အတွင်းဆိုင်ရာလုံရေးအချက်အလက်များသည်ဆက်လက်ပြုပြင်ပြောင်လဲဖြည့်ဆည်းရန်လိုအပ်ကြောင်းအပြည်ပြည်ဆိုင်ရာနိုင်ငံတကာလူမှုအသိုင်းအဝိုင်းများမှအသိအမှတ်ပြုပါသည်။
တရားဥပဒေဘောင်တွင်းဆိုင်ရာလုံခြုံရေးနှင့်သက်ဆိုင်သောအချက်အလက်များမပြည့်စုံသည့်အနေအထား

တွင်ရှိသော်လည်းမိမိဆန္ဒအလျောက်နေရပ်ရင်းသို့ပြန်လည်အခြေချနေထိုင်ခြင်းဖြစ်ပေါ်လာကောင်း ဖြစ်ပေါ်လာနိုင်သည်။[2]

- **ပိုင်ဆိုင်မှုများဆိုင်ရာဘေးကင်းလုံခြုံမှု** – ၎င်းတွင် လူမှုရေး၊ စီးပွားရေးနှင့်ယဉ်ကျေးမှုများဆိုင်ရာအခွင့်အရေးများရယူကျင့်သုံးနိုင်ရန်အတွက်စီစဉ်ဆောင်ရွက်ပေးခြင်းအပါအဝင် ပြန်သွားသောဒုက္ခသည်များအတွက်ပစ္စည်းကိရိယာအထောက်အပံ့များပံ့ပိုးပေးရသည်။ လူမှုအသိုင်းအဝိုင်း၏ ဝိုင်းဝန်းကူညီပံ့ပိုးနိုင်ရန်အတွက်တွန်းဆောင်ပေးရသည်။ အထူးသဖြင့်အများအပြားအစုလိုက်အပြုံလိုက်စတင်ပြန်သွားသည့်အချိန်တွင်မိမိပြန်လည်ထူထောင်မည့်နေရာဒေသတွင်တည်မြဲအခြေချမှုဖြစ်သောဖွံ့ဖြိုးတိုးတက်ခြင်းအစီအစဉ်တွင်ပြန်လည်နေထိုင်မည့်ပုဂ္ဂိုလ်များအသီးသီးတို့၏ပူးပေါင်းပါဝင်ခြင်းဖြင့်တိုင်းပြည်အစိုးရနှင့်တွက်ဖက်အဖွဲ့အစည်းများအတူတကွဝိုင်းဝန်းကူညီထောက်ပံ့ပေးရသည်။ ပြန်လည်နေထိုင်သောပုဂ္ဂိုလ်အသီးသီးတို့သည်တိုင်ပြည်အတွင်းရှိပြည်သူပြည်သားများနည်းအတူတန်းတူညီမျှသောအခွင့်အရေးများရယူနိုင်ခွင့်ရှိရမည်ဖြစ်သည်။

➢ မိမိဆန္ဒအလျောက်နေရပ်ရင်းသို့ပြန်လည်အခြေချခြင်းသည် **ဂုဏ်သိက္ခာနှင့်အညီ** ဖြစ်ရမည်။

- မိမိဆန္ဒအလျောက်နေရပ်ရင်းသို့ပြန်ခြင်းနှင့်ဘေးကင်းမှုတို့သည်မူလအခြေခံအားဖြင့်ဂုဏ်သိက္ခာအပြည့်အဝဖြင့်ပြန်သွားခြင်းကိုဆိုလိုသည်။ ဤအခြေခံသဘောတရာမူများသည်ဆက်စပ်ယှဉ်တွဲလျက်အတူအကွဖြစ်ပေါ်လာနိုင်သည်။

- ပြန်လည်နေထိုင်သည့်ပဂ္ဂိုလ်အသီးသီးတို့သည်တိုင်းပြည်အတွင်းရှိလူ့အခွင့်အရေးနှင့်အညီရယူနိုင်ခြင်း၊ အထူးသဖြင့်လူမှုရေးရာအပြန်အလှန်လေးစားခြင်း၊ မျှတသောတရားစီရင်မှုဖြစ်သောတန်းတူညီမျှရှိခြင်းနှင့် ဂုဏ်သိက္ခာကျဆင်းစေမည့်ဆက်ဆံမှုများကာကွယ်စောင့်ရှောက်ပေးခြင်းတို့ရရှိနိုင်ရန်အတွက်စီစဉ်ဆောင်ရွက်ရသည်။ ၎င်းတို့၏သက်အရွယ်၊ လိင်(သို့)နောက်ခံအကြောင်းအရာများ၊တစ်ဦးချင်းစီ၏တိကျသောကိုယ်ရေးစစ်တမ်းကောက်ခံခြင်းအကြောင်း(သို့)၎င်းတို့၏ဂုဏ်သိက္ခာရှိစွာပြန်လည်အခြေချနေထိုင်ရေးနှင့်လူ့အခွင့်အရေးတို့တွင်၎င်းတို့၏စွမ်းရည်အကျိုးသက်ရောက်စေနိုင်ရန်လိုအပ်မှုများပေါ်တွင်မူတည်၍အသိအမှတ်ပြုသင့်ပါသည်။

## ၃) မိမိဆန္ဒအလျောက်နေရပ်ရင်းသို့ပြန်ခြင်းအမျိုးအစားများ

မိမိဆန္ဒအလျောက်နေရပ်ရင်းသို့ပြန်ခြင်းသည်စီစဉ်မှု(သို့)သဘောသဘာဝအရဖြစ်ပေါ်နိုင်ဖွယ်ရှိသည်။ သဘောသဘာဝအရပြန်ခြင်းသည်ဒုက္ခသည်များမိမိအချင်းချင်းသာအစီအစဉ်ဆွဲပြီးမိမိသဘောသဘာဝအလျောက်ပြန်သွားခြင်းဖြစ်သည်။သို့ဖြစ်၍အခြားသောနည်းလမ်းဖြစသည့် (UNHCR )တွဲဖက်အဖွဲ့အစည်းတို့၏စီစဉ်မှုဖြင့်မိမိဆန္ဒအလျောက်နေရပ်ရင်းသို့ပြန်ခြင်းသည်စည်းရုံးမြင့်တင်ပေးခြင်းနှင့်ပံ့ပိုးဆောင်ရွက်ပေးခြင်းအစီအစဉ်များဖြစ်သည်။ ।

➢ **သဘောသဘာဝနေရပ်ရင်းသို့ပြန်ခြင်း**

- သဘောသဘာဝအရနေရပ်ရင်းသို့ပြန်ခြင်းသည်(UNHCR )နှင့်တွဲဖက်အဖွဲ့အစည်းများ၏ပံ့ပိုးကူညီမှုကိုရယူမည့်အစားမိမိအချင်းချင်းသာအစီအစဉ်ဆွဲပြီးမိမိဖ္ဘရှိသောအရင်းအနှီးမှမိမိကိုယ်ကိုအားကိုးအားထားပြု၍ပြန်သွားကြသည်။

2 *UNHCR Executive Committee Conclusion on Legal Safety in the Context of Voluntary Repatriation of Refugees; No 101 (1.V) – 2004*

အချို့သောဒုက္ခသည်များသည်မိမိနေရပ်ရင်းတိုင်းပြည်တွင်ခဏတဖြုတ်ပြန်သွားပြီးမိမိ၌ရှိသောဥစ္စာပစ္စည်းပိုင်ဆိုင်မှုများပြန်လည်စီစစ်ကြည့်ရှုမှုပြုသည့်အပြင်နေရာဒေသအခြေအနေကိုအကဲခတ်ချင့်ချိန်၍ခိုလှုံခွင့်ရယူထားသောနိုင်ငံတွင်းရှိကျန်ရှိနေသောမိသားစုများနှင့်အတူမိမိနေရာဒေသတွင်ပြန်လည်နေထိုင်မှုရှိမရှိအဆုံးအဖြတ်ပြုခုပ်သည်။ တခြားသောဒုက္ခသည်များသည်မိသားစုအားလုံးနှင့်မိမိတို့၏ပိုင်ဆိုင်မှုများအားလုံးယူဆောင်ပြီးကာလကြာရှည်စွာဖြင့်နေထိုင်ရန်အတွက်ပြန်သွားကြသည်။

- သဘောသဘာဝအရပြန်ခြင်းသည်စနစ်တကျအစီအစဉ်အောက်တွင်မိမိနေရပ်ရင်းသို့ပြန်သွားခြင်းနှင့်တပြိုင်နက်ယှဉ်လျက်ဖြစ်ပေါ်လာနိုင်ပြီးမိမိဆန္ဒမှနေရပ်ရင်းသို့ပြန်သွားခြင်းစနစ်တကျအစီအစဉ်စတင်သည့်အချိန်တွင်းတွင်သဘောသဘာဝအရပြန်ခြင်းသည်ရပ်ဆိုင်းနေမည်မဟုတ်ပါ။ ၊

- UNHCRအနေနှင့်ဤသဘောသဘာဝအရပြန်သွားခြင်းမှဖြစ်ပေါ်လာသောတဦးချင်းသော်လည်းကောင်း၊အစုလိုက်အပြုံလိုက်သော်လည်းကောင်း၊အရေးပါသောအနေအထားအဖြင့်အသိအမှတ်ပြုသည်။သဘောသဘာအရဒုက္ခသည်များပြန်သွားခြင်းဖြစ်စေကာမူ(UNHCR)မှဒုက္ခသည်များပြန်ရန်ရွေးချယ်ရခြင်း၏အကြောင်းရင်း၊ညှိနှိုင်းမှုအဆင့်အတန်း၊ဆုံးဖြတ်ချက်ချရန်ယူဆချက်များနှင့်လိုအပ်သောဖြည့်ဆည်းမှုများရယူနိုင်ရန်အတွက်တိုင်းပြည်တွင်းရှိအစိုရနှင့်ခိုလှုံခွင့်ယူထားသောနိုင်ငံအစိုရတို့၏အကြားကူညီဆောင်ရွက်မှုအစီအစဉ်များကိုနားလည်ရယူနိုင်ရန်ကြားဝင်ဆောင်ရွက်ရမည်ဖြစ်သည်။

## ➢ မိမိဆန္ဒအလျောက်နေရပ်ရင်းသို့ပြန်ခြင်းကိုပံ့ပိုးဆောင်ရွက်ပေးခြင်း

- ဒုက္ခသည်များပြန်ရန်ဆန္ဒရှိလာမှုထုတ်ဖေါ်ပြခြင်းနှင့်ဒုက္ခသည်များပြန်ရန်အတွက်ရယူနိုင်သောမူလတိုင်းပြည်အတွင်းရှိရုပ်ပိုင်းဆိုင်ရာ၊တရားဥပဒေပိုင်းဆိုင်ရာနှင့်ပိုင်ဆိုင်မှုများဆိုင်ရာ၊ဘေးကင်းလုံခြုံမှုများအတိုင်းအတာရှိသည်။ သို့သော် UNHCR မှပြန်ခြင်းကိုစည်းရုံးမြင့်တင်ပေးခြင်းနှင့်လိုအပ်သောအနေအထားများအားလုံးကိုက်ညီမှုမရှိသော်လည်းပြန်သွားနိုင်သည်။

- မိမိဆန္ဒအလျောက်နေရပ်ရင်းသို့ပြန်လည်အခြေချနေထိုင်ခြင်းကိုကူညီပံ့ပိုးပေးခြင်းသည်တစ်ဦးချင်းစီ(သို့)အုပ်စုလိုက်ဒုက္ခသည်များနှင့်ဆက်စပ်လျက်ရှိသည်။

- မူလနေထိုင်ခဲ့သောနေရပ်ရင်းနိုင်ငံ၏တိုးတက်လာသောအခြေအနေကြောင့်လက်ရှိခိုလှုံလျက်ရှိသောတိုင်းပြည်နှင့်မူလတိုင်းပြည်ထဲတွင်လိုလားသောစေ့စပ်ညှိနှိုင်းလှုပ်ရှားမှုများပါဝင်လာပြီးအရေအတွက်ပိုမိုများပြားလာသောဒုက္ခသည်များအတွက် UNHCR သည်ထောက်ပံ့ကူညီမှုများတိုးပွားရန်တွေးတောလျက်ရှိသည်။ မိမိနေရင်းတိုင်းပြည်တိုးတက်ကောင်းမွန်လာသည့်အခြေအနေတွင်ဒုက္ခသည်အများစုအတွက်ပံ့ပိုးဆောင်ရွက်ပေးသွားနိုင်ရန်နေရပ်ရင်းနိုင်ငံနှင့်ခိုလှုံခွင့်ရယူထားသောနိုင်ငံနှစ်နိုင်ငံအကြား UNHCR သည်ပို၍တက်ကြွစွာပူးပေါင်းပါဝင်ရန်စဉ်းစားပေးသည်။

- စစ်ပဋိပက္ခဖြစ်ပွားဆဲ(သို့)ဥပဒေချိုးဖောက်မှုများဆက်လက်သေးသ၍ UNHCRကဒုက္ခသည်များဘေးကင်းလုံခြုံရေးအတွက်ကြိုတင်မြင်ထားခဲ့ပြီးပြန်ရန်အတွက်အားပေးကူညီမှုများပြုလုပ်မည်မဟုတ်ပါ။

## ➢ မိမိဆန္ဒအလျောက်နေရပ်ရင်းသို့ခြင်းကို စည်းရုံးမြင့်တင်ပေးခြင်း

- ကဒုက္ခသည်အများအပြားမိမိနေရင်းတိုင်းပြည်သို့ပြန်သွားသည့်အနေအထားတွင်လုံခြုံမှုနှင့်ဂုဏ်သိက္ခာအပြည့်အဝရှိရမည်ဖြစ်ပြီးတည်မြဲသောပြန်လည်ထူထောင်မှုဖြစ်စေရန်အတွက်နေရင်းတိုင်းပြည်တွင်ရေးဥပဒေဘောင်အတွင်းဆိုင်ရာ၊ရုပ်ပိုင်းဆိုင်ရာနှင့်ပိုင်ဆိုင်မှုဆိုင်ရာလုံခြုံမှုများရယူနိုင်သောအနေအထားတွင်ဖြစ်ရမည်ဖြစ်သည်။

- နေရင်းတိုင်းပြည်အခြေခံအခြေအနေပြောင်းလဲခြင်း၊ပြန်လည်အခြေချနေထိုင်စေသောဒုက္ခသည်များ၏ဘေးကင်းလုံခြုံမှုအတွက်အာမခံချက်များစီစဉ်ပေးခြင်း၊ခိုလှုံခွင့်ရယူထားသောတိုင်းပြည်တာဝန်ရှိသူများနှင့် UNHCR တို့၏တရားဝင်သဘောတူညီမှုရယူထားပြီးနေရပ်ရင်းသို့ပြန်သွားသောဒုက္ခသည်များနှင့် UNHCR တို့အကြားအတားအဆီးမရှိလွတ်လပ်စွာအပြန်အလှန်ဆက်သွယ်နိုင် ခွင့်ရှိရမည်ဖြစ်သည်။